# ဖြည့်ဆည်းရန်လိုအပ်လျက်ရှိသည့်လူမှုကာကွယ်စောင့်ရှောက်ရေး

နိမိကို(နည်းပညာ)

ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုဖြစ်သည့် မြန်မာနိုင်ငံသည် နိုင်ငံရေးအရ အသွင်ကူးပြောင်းရေးကိုပါ ဆောင်ရွက်နေရချိန်တွင် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် လူထုဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရေးသည် အဓိက ကျသောအခန်းကဏ္ဍမှ ပါဝင်လာခဲ့ပြီဖြစ်သည်။ ဤသို့ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် လူထုဗဟိုပြုဖွံ့ဖြိုးရေး လုပ်ငန်းများဆောင်ရွက်ရာတွင် လူမှုကာကွယ် စောင့်ရှောက်ရေးစနစ်များကို မဖြစ်မနေထည့်သွင်း စဉ်းစားရန် လိုအပ်ပါသည်။ လူမှုကာကွယ် စောင့်ရှောက်ရေးစနစ်မြင့်မားခြင်းသည် နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုနှုန်းနှင့်တိုက်ရိုက်နီးပါး အချိုးကျပါသည်။




မြန်မာနိုင်ငံအနေဖြင့် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများအတွက် မကြာသေးမီ ကာလက တိုးမြှင့်သုံးစွဲမှုများ ရှိလာခဲ့သည့်တိုင် စုစုပေါင်း GDP၏ ၀.၀၂% ခန့်သာရှိသည့်အတွက် ကမ္ဘာ့နိုင်ငံများကို မဆိုထားနှင့် အာဆီယံဒေသတွင်းနိုင်ငံများဖြင့် နိုင်းယှဉ်လျှင်ပင် အနိမ့်ဆုံးနေရာ၌ သာရှိနေခဲ့ ကြောင်းတွေ့ရ ပါသည်။ ဝင်ငွေနည်းသောနိုင်ငံအများစုသည်ပင် ၁.၁% သုံးစွဲထားပြီး အာဖရိက နိုင်ငံများတွင်မူ ၁.၇%ထိ သုံးစွဲထားသည်ကိုတွေ့ရသည်။ လူမှုကာကွယ်စောင့်ရှောက်ရေး စနစ်တွင် လူမှုဖူလုံရေး ဆောင်ရွက်မှုများ လည်းပါဝင်ရာ မြန်မာနိုင်ငံတွင် အလုပ်သမားများအတွက် လူမှုဖူလုံရေး ထောက်ပံ့မှုအနေဖြင့် လူဦးရေ၏ ၃%ခန့် ကိုသာ လွှမ်းခြုံမှုပေးနိုင်သေးကြောင်း တွေ့ရှိရသည်။

ထို့ကြောင့် လက်ရှိဆောင်ရွက်လျက်ရှိသည့် ဆင်းရဲမှုလျှော့ချရေးနှင့် လူထုဗဟိုပြုဖွံ့ဖြိုးရေး လုပ်ငန်းများတွင် လူမှုကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းစဉ်များကိုပါ ထည့်သွင်းဆောင်ရွက်ရန် လိုအပ်လာပေသည်။ လူမှု

ကာကွယ်စောင့်ရှောက်ရေး ဆိုရာတွင် မမျှော်လင့်ဘဲ ဖြစ်ပေါ်တတ်သည့် သဘာဝဘေးအန္တရာယ်များ၊ တုန်လှုပ်ဖွယ်ရာများကို ကြံ့ကြံ့ခံနိုင်၊ တုန့်ပြန်မှုမြန်ဆန် အားကောင်း စေရန် အထောက်အပံ့ပေးခြင်း၊ လူမှုဖူလုံရေးနှင့် လူမှုကူညီထောက်ပံ့ရေး အစီအစဉ်များ ဆောင်ရွက်ပေးခြင်း (ပင်စင်လစာများ၊ အလုပ်လက်မဲ့နှင့် မသန်စွမ်းသူများဆိုင်ရာအာမခံ)၊ အလုပ်လိုအပ်သူများအား အလုပ်အကိုင်ဖန်တီးပေးခြင်း၊ ဆင်းရဲနွမ်းပါးသူများနှင့် အကာအကွယ်မဲ့သူများ ( ဥပမာ- အမျိုးသမီးများ၊ မသန်စွမ်းသူများ၊ မိဘမဲ့ကလေးများ၊ နာတာရှည်ရောဂါသည်များ ... စသည်) အပါအဝင် လူသားအားလုံးအတွက် အစာအဟာရ၊ ပညာရေး၊ ကျန်းမာရေး ဝန်ဆောင်မှုများအား မျှတစွာရရှိနိုင်ရန် ကူညီဆောင်ရွက်ပေးခြင်းတို့ အလုံးစုံပါဝင်ပါသည်။

မြန်မာနိုင်ငံ၏ လူမှုကာကွယ်ရေး စောင့်ရှောက်ရေး မြှင့်တင်ဆောင်ရွက်မှုများအား လေ့လာသုံးသပ်မိသ၍ တင်ပြရမည်ဆိုပါလျှင် ပညာရေးကဏ္ဍ၌ ဆင်းရဲနွမ်းပါးပြီး အကာအကွယ်မဲ့သည့် ကျောင်းသားများအတွက် ပညာသင်ထောက်ပံ့ကြေး ပေးအပ်ခြင်း၊ ပညာသင်ဆုများ၊ ကျောင်းသုံး ဗလာစာအုပ်များ ပေးအပ်ခြင်းအပါအဝင် အစားအစာမဖူလုံသည့် ကလေးများ၊ ကျောင်းမနေနိုင် တော့သည့် ကလေးများနှင့် တိုင်းရင်းသားလူငယ်များ ပညာရေးလက်လှမ်းမီစေရန် ဆောင်ရွက် ပေးခြင်းများနှင့် ကျောင်းတွင်း အစားအစာ ကျွေးခြင်းများ ဆောင်ရွက်ပေးနေသည်ကို တွေ့ရှိရပါသည်။

ကျန်းမာရေးအနေဖြင့်မှု ကိုယ်ဝန်ဆောင်များ နှင့် နို့တိုက်မိခင်များအတွက် အစားအစာနှင့် အားဆေးများထောက်ပံ့ခြင်း၊ ကလေးသူငယ်များ အတွက် အားဖြည့်အစားအစာများ ထောက်ပံ့ခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များ ကျန်းမာရေးဌာနသို့ သွားရသည့်အခါ ကုန်ကျသည့် ခရီးစာရိတ်များ၊ မီးမဖွားမီလိုအပ်သည့် ဝန်ဆောင်မှုများရရှိရန်၊ မွေးဖွားရာတွင် ကျွမ်းကျင်သည့် သားဖွားဆရာမ များဖြင့် မွေးဖွားနိုင်ရန်၊ မွေးဖွားပြီးချိန်၌ ကလေးများအတွက် လိုအပ်သည့် ကာကွယ်ဆေးများ ထိုးနှံနိုင်ရန် စသည်တို့အတွက် လိုအပ်မည့်ကုန်ကျစာရိတ်များအား ကာမိစေရန် မိခင်နှင့်ကလေးကျန်းမာရေး ဘောက်ချာများ ပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်းတွေ့ရပါသည်။

အလုပ်သမား လုပ်သားပြည်သူများအတွက် လူမှုဖူလုံရေး ( Social Security Board- SSB)၊ ရွှေ့ပြောင်းလုပ်သားများအတွက် အလုပ်အကိုင်ဝန်ဆောင်မှုများ၊ အလုပ်အတွက် အစားအစာနှင့် ငွေကြေးထောက်ပံ့မှု၊ အကာအကွယ်မဲ့ ရပ်ရွာလူထုအတွက် အသက်မွေးဝမ်းကျောင်း အစီအစဉ်များ၊ အစိုးရဝန်ထမ်းများအတွက် ပင်စင်များ၊ သက်ကြီးရွယ်အိုများအတွက် ဘိုးဘွား ရိပ်သာများ၊ မိဘမဲ့ကလေးများအတွက် ဂေဟာများ၊ မသန်စွမ်းသူများအား ပြုစုစောင့်ရှောက်ခြင်း၊ အနာကြီးရောဂါသည်များအတွက် ဖူလုံရေးဝန်ဆောင်မှုများ၊ သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ် ပြီးနောက် ငွေသားနှင့် အခြားပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်း စသည်တို့အား ဆောင်ရွက်လျက် ရှိကြောင်း တွေ့ရပါသည်။

သက်ဆိုင်ရာဝန်ကြီးဌာနများ အလိုက် လူမှုကာကွယ်စောင့်ရှောက်ရေး ဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်လျက် ရှိသကဲ့သို့ နိုင်ငံတကာအဖွဲ့အစည်းများဖြစ်သည့် ကမ္ဘာ့စားနပ် ရိက္ခာအဖွဲ့ (World Food

Programme)၊ Livelihoods and Food Security Trust Fund (LIFT Fund) အဖွဲ့၊ UNICEF၊ ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ စသည်တို့ဖြင့်ပါ ပူးပေါင်းဆောင်ရွက်လျက်ရှိနေပြီ ဖြစ်သော်လည်း တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ပြည့်ပြည့်ဝဝ လွှမ်းခြုံနိုင်ရန် အလုပ်မးဝေး နေဆဲဖြစ်ပါသည်။

ထို့ကြောင့် လူမှုကာကွယ်စောင့်ရှောက်ရေးအတွက် လူမှုကူညီထောက်ပံ့ရေး အသုံးစာရိတ် များအား တိုးမြှင့်ခြင်း၊ ပိုမိုခိုင်မာသည့် လူမှုဖူလုံရေး အစီအစဉ်များ ချမှတ်ခြင်း၊ လက်ရှိ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် လူထုဗဟိုပြုဖွံ့ဖြိုးရေး စီမံကိန်းကဲ့သို့သော ပလက်ဖောင်းများမှ တစ်ဆင့် လူမှုကူညီထောက်ပံ့မှုများ ဆောင်ရွက်ခြင်း စသည့်နည်းလမ်းများဖြင့် ပိုမိုအားကောင်းလာစေရေး ဖြည့်ဆည်းဆောင်ရွက်သွားရန် လိုအပ်မည် ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

ကိုးကား- ကမ္ဘာ့ဘဏ်မှ ပြုစုသည့် မြန်မာနိုင်ငံ၏ လူမှုကာကွယ်စောင့်ရှောက်ရေး နည်းပညာဆိုင်ရာမှတ်စုများ